# ဝိညာဉ်အာဟာရ


စာစောင်

ဇန်နဝါရီလ၊ ၂၀၂၃ အတွဲ-၂၊ အမှတ်စဉ်-၁




December Christmas

ခရီးစဉ်တွင် ပါဝင်ဆက်ကပ်ကြသူများ

## သတင်းကောင်းဝေမျှသူနှင့် သန့်ရှင်းသောဝိညာဉ်တော်

(စာမျက်နှာ - ၂ သို့)

## ကြားဝင်ဆုတောင်းပေးခြင်း၏ အခြေခံသဘောတရား

(စာမျက်နှာ - ၈ သို့)

## ထံတော်သို့ ဆုတောင်းပဌနာ [၄]

(စာမျက်နှာ - ၁၁ သို့)

## ၂၀၂၃ ခရီးစဉ်

(စာမျက်နှာ - ၁၀ သို့)

## ဧဝံဂေလိဟောပြောရာ၌ရှိရမည့်စိတ်နေသဘောထား

(စာမျက်နှာ - ၁၂ သို့)





## အယ်ဒီတာအာဘော်

၂၀၂၃ ၌ ကျွန်ုပ်တို့အသက်တာအတွက် အဓိကလိုအပ်မှုသည် ခရစ်တော်၌ရှိခြင်းအသက်တာဖြစ်သည်။ ၂ကော၊ ၅:၁၇ ၌ "လူမည်သည်ကား၊ ခရစ်တော်၌ရှိလျှင် အသစ်ပြုပြင်သောသတ္တဝါဖြစ်၏။ ဟောင်းသောအရာတို့သည် ပြောင်းလဲ၍ ခပ်သိမ်းသောအရာတို့သည် အသစ်ဖြစ်ကြပြီ" ခရစ်တော်၌ရှိခြင်းအသက်တာကို ညွှန်းဆိုထားပါသည်။ ယုံကြည်သူအသက်တာ၌ စစ်မှန်သောအသီးသီးခြင်းအသက်တာကို ပိုင်ဆိုင်နိုင်ရန် ယေရှုခရစ်တော်နှင့်အစဉ်အမြဲ ချိတ်ဆက်နေဖို့ လိုအပ်ပေသည်။ ယနေ့ ဝိညာဉ်တော်နှင့်ပြည့်ဝသောအသက်တာ၊ အလိုတော်ကိုသိနားလည်ခြင်းအသက်တာ၊ ဖြင့် အမှုတော်မြတ်၌ ပါဝင်နိုင်ခြင်း၏ သော့ချက်သည် ခရစ်တော်၌ တည်သောအသက်တာကြောင့်ပင်ဖြစ်သည်။ (ယောဟန်၊ ၁၅:၅)၌ "...အကြင်သူသည် ငါ၌တည်၍ ငါသည်လည်း သူ၌တည်၏။ ထိုသူသည် များစွာသောအသီးကို သီးတတ်၏။ ငါနှင့်ကွာလျှင် သင်တို့သည် အဘယ်အမှုကိုမျှ မတတ်နိုင်ကြ။" ထိုကြောင့် ကျွန်ုပ်တို့၏အသက်တာသည် ခရစ်တော်၌ရှိခြင်း၊ မရှိခြင်း ရိုးရှင်းစွာသိရှိနားလည်ခြင်းသဘော သည် ကျွန်ုပ်တို့အသက်တာ၌ များစွာသောအသီး ရှိခြင်း၊ မရှိခြင်းနှင့် တိုက်ရိုက်အကျိုးသက်ရောက်မှုရှိနေပေသည်။

ယေရှုခရစ်တော်နှင့်အတူ သွားလာခြင်းဖြင့် ဘဝအသက်တာ၌ ဘုရားသခင်၏အလိုတော်ကို ပြည့်စုံစေသော ဘုန်းတော်ထင်ရှားစေသော သာဓုသစ္စာရှိသောငယ်သားကောင်းဖြစ် ချီးမြှောက်ခြင်းကို ခံထိုက်သူများဖြစ်လာပေမည်။ ကျွန်ုပ်တို့၏ ဘဝအသက်တာတွင် အမှန်ပင် ခရစ်တော်၌ရှိသောအသက်တာဖြင့် ရှင်သန်နေလျက်ရှိရပ်လား၊ ကိုယ့်သဘော၊ ကိုယ်ဆန္ဒအားဖြင့် ရှင်သန်နေလျက်ရှိနေလား၊ ဒီမေးခွန်းသည် ရိုးရှင်းပါသည်။ အသီးတစ်လုံးတည်းသီးသောအသက်တာကို ယေရှုခရစ်တော်အားရပေမည်မဟုတ်ပေ။ နှုတ်ကပတ်တော်၌လည်း "များစွာသောအသီးကို သီးတတ်၏" ဟုဆိုထားပေသည်။ ထို့ကြောင့် ကျွန်ုပ်တို့လိုအင်ဆန္ဒသဘောတွေကို လုံးဝလျှော့ချရန် လုံးဝလိုနေပေသည်။ ခရစ်တော်၌ရှိသောအသက်တာဖြင့် များစွာသောအသီးများကိုရိတ်သိမ်းနိုင်ရန် ယခု ၂၀၂၃ မှာ ဆက်ကပ်လုပ်ဆောင်ဖို့ တိုက်တွန်းနှိုးဆော်အပ်ပါသည်။

## သတင်းကောင်းဝေမျှသူနှင့် သန့်ရှင်းသောဝိညာဉ်တော်

ဧဝံဂေလိသတင်းကောင်းဝေမျှရာတွင် အရေးကြီးဆုံး လိုအပ်သည့်အရာမှာ ကျွန်ုပ်တို့ပြောဆိုရမည်အချက်အလက်များကို အများသူငှာသဘောပေါက်နားလည်စေရန် ဖွင့်ပြသွန်သင်ပေးမည့် သန့်ရှင်းသောဝိညာဉ်တော်လိုအပ်ပါသည်။

<u>၁ကော ၁၂:၃</u> – သန့်ရှင်းသောဝိညာဉ်တော်ကို အမှီမပြုလျှင် အဘယ်သူမျှ မပြောဆိုနိုင်သည်ကိုငှ....

တမန်တော်ရှင်ပေါလုသတင်းကောင်း (သို့) ကယ်တင်ခြင်းတရားဟောပြောခြင်း၊ အံ့ဩဘွယ်နိမိတ်လက္ခဏာနှင့် လုပ် ဆောင်နိုင်ခြင်း၊ အသင်းတော်တပည့်တော်စုများကို တည်ထောင်နိုင်ခဲ့ခြင်းသည် သူ၏ဥာဏ်ကောင်းခြင်း၊ တော်ခြင်း၊ တတ်ခြင်းကြောင့် လုပ်ဆောင်နိုင်ခြင်းမဟုတ်ဘဲ၊ သန့်ရှင်းသောဝိညာဉ်တော်၌ လုံးလုံးမှီခို၍ သန့်ရှင်းသောဝိညာဉ်တော်၏ တန်ခိုးတော်အားဖြင့် လုပ်ဆောင်ခဲ့ကြောင်းတွေ့ရပါသည်။

<u>တမန်တော် ၂:၄</u> – ထိုသူအပေါင်းတို့သည်လည်း သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝ၍ ဝိညာဉ်တော်သည် ဟောပြောသောအခွင့်ကို ပေးတော်မူသည်အတိုင်း ... ဟု ဖော်ပြထားပါသည်။

*တမန်တော်ရှင်ပေါလု၏သာသနာခရီးစဉ်၌ မြို့ရွာထဲသို့ဝင်ပြီး (၁ကော၊ ၁၂:၁) တွင် ဖော်ပြထားသည့်အတိုင်း ဝိညာဉ်ဆုကျေးဇူးများအကြောင်းကို မသိဘဲနေစေခြင်းငှါ ငါအလိုမရှိ စိတ်ဝင်စားသူများကို ဆက်သွယ်သည့်အခါ၊ သန့်ရှင်းသောဝိညာဉ်တော်သည် အမျိုးမျိုးသောနည်းလမ်းဖြင့်ငှင်း၊ လူပုဂ္ဂိုလ်များနှင့် တွေ့ဆုံသည့်အခါမှာသော်ငှင်း၊ အခြေအနေအချိန်အခါကို ပိုင်းခြားပေးပြီး၊ ပြောသင့်သည့်စကားလုပ်သင့်သည့်အရာကို အစပြုစေပြီး၊ လုပ်ငန်းဆောင်တာသစ်ကို လမ်းဖွင့်ပေးပါသည်။*

<u>၁ကော ၁၂:၃</u> – ထို့ကြောင့် ဘုရားသခင်၏ဝိညာဉ်တော်အားဖြင့် ဟောပြော၍ ...

ကျွန်ုပ်တို့သွားသည့်မြို့ရွာတိုင်း၌ ဧဝံဂေလိတရားကို စိတ်ဝင်စားသူရှိသလို စိတ်မဝင်စားသူများလည်းရှိပေသည်။ ဘုရားသခင်သည် နေရာတိုင်းတွင် အလုပ်လုပ်ပါသည်။ သန့်ရှင်းသောဝိညာဉ်တော်သည် ပျောက်ဆုံးဝိညာဉ်များ၏နှလုံးသားကို ဖွင့်ပေးထားကြောင်းသတိပြုရမည်ဖြစ်သည်။ ဝိညာဉ်တော်က လူသားတို့၌ အပြစ်ရှိကြောင်း ဖော်ပြပေးပြီး ခရစ်တော်၏ဘုန်းထင်ရှားစေရန်နှင့် ဧဝံဂေလိသတင်းစကားပြန့်ပွားစေရန် လုပ်ဆောင်ပေးပါသည်။ ထို့ကြောင့် လုပ်ငန်းတစ်ခုစတင်ရာ၌ သန့်ရှင်းသောဝိညာဉ်တော်သည် အဓိကအခန်းကဏ္ဍတွင် ပါဝင်ကြောင်း သတိပြုရမည်ဖြစ်သည်။

ကျွန်ုပ်တို့ အိမ်များ၌ ကျမ်းစာသင်ယူလေ့လာရန် လူ

(စာမျက်နှာ – ၅ သို့ ...>>)

# အိမ်တိုင်ရာရောက်ခရစ်တော်၏သာသနာပြုအဖွဲ့ လှုပ်ရှားမှုဓာတ်ပုံများ

## ဧဝံဂေလိဝေစာဝေငှခြင်း





## ကျမ်းစာသင်တန်းပြုလုပ်ခြင်း





## ရေနှစ်ခြင်းမင်္ဂလာခံယူခြင်း





# အိမ်တိုင်ရာရောက်ခရစ်တော်၏သာသနာပြုအဖွဲ့ လှုပ်ရှားမှုဓာတ်ပုံများ

## စေတနာ့အမှုတော်ဆောင်များပါဝင်ဆက်ကပ်ခြင်း









## တပည့်တော်စုအသစ်များ





များကို စုဝေးစေလျက် ဧဝံဂေလိတရားကို ဝေမျှသောအခါ ၎င်းအထဲမှ ဦးဆောင်မှုပြုနိုင်သည့်ခေါင်းဆောင် (သို့) အလားအလာရှိသောသူကိုရွေးချယ်ပြီး လေ့ကျင့်ပျိုးထောင်ရမည်ဖြစ်သည်။ တမန်တော်ပေါလုသည် မြို့ရွာထဲသို့ ဝင်၍ နှစ်ပတ်သုံးပတ်အထိနေပြီး ပျောက်ဆုံးဝိညာဉ်များကို ကယ်တင်ကာ အသင်းတော်သစ်ကို ဦးဆောင်မည့် ခေါင်းဆောင်များကို ရွေးချယ်တင်မြှောက်သောအခါ သန့်ရှင်းသောဝိညာဉ်တော်၏ဖွင့်ပြခြင်းကို စောင့်ရပါသည်။ (ရောမ၊ ၁၂:၆) – "ငါတို့သည် အသီးသီးအပြားပြားသောဆုများကို ခံရသည်ဖြစ်၍ ..."

တဖန် အသင်းတော်စု (သို့) အစုအဝေးအဖွဲ့အတိုင်းတည်ဆောက်သောအခါတွင် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့်သာဖြစ်ပါမည်။ အသင်းတော်စုသည် သန့်ရှင်းသောဝိညာဉ်တော်တန်ခိုးဖြင့် ဖြစ်ပေါ်လာပါက လိုအပ်သော ဝိညာဉ်ဆုကျေးဇူးများကို အသင်းသားများအား သွန်းလောင်းပေးမည်ဖြစ်သည်။

<u>ဧဖက် ၅:၁၈</u> – လွန်ကျူးစေတတ်သော စပျစ်ရည်နှင့် ယစ်မူးခြင်းကို ရှောင်ရန် ဝိညာဉ်တော်နှင့် ပြည့်စုံလျက်ရှိကြလော့။

*တဖန်မြို့ရွာများမှ ပြန်၍ထွက်ခွာသွားသောအခါ ဧဝံဂေလိဝေငှသူသည် ဆက်၍ သန့်ရှင်းသောဝိညာဉ်တော်အပေါ်၌ မှီတည်၍ နေရပါမည်။ တဖန် ရှင်ပေါလုသည် မြို့ရွာများသို့ ထွက်သွားသောအခါတွင် တည်ဆောက်ပြုစုထားသော အသင်းတော်စုအသစ်ကို ဦးဆောင်မည့်သူများ၏ လက်ထဲ၌အပ်နှံထားခြင်းသက်သက်မဟုတ်ဘဲ သန့်ရှင်းသောဝိညာဉ်တော်၏လက်၌ အပ်နှံခြင်းဖြစ်သည်။ ထို့ကြောင့် ခရစ်တော်၏သာသနာတော်ဆောင်ရွက်ရာတွင် ဧဝံဂေလိပြုသူသည် သန့်ရှင်းသောဝိညာဉ်တော်နှင့် ပြည့်ဝနေရမည်ဖြစ်သည်။*

ဧဝံဂေလိဟောပြောရတွင် သန့်ရှင်းသောဝိညာဉ်တော်နှင့် ပတ်သက်သောအချက်အနည်းငယ်ကို လေ့လာကြပါစို့။

၁။ <u>သန့်ရှင်းသော ဝိညာဉ်တော်၏ဂုဏ်တော်များ</u>

<u>ဟေဗြဲ ၉:၁၄</u> အပြစ်ကင်းသောကိုယ်တော်ကို ထာဝရဝိညာဉ်အားဖြင့်ဟုဆိုထားရာ

<u>ဆာလံ ၁၃၉:၇</u> ဝိညာဉ်တော်နှင့်လွတ်ခြင်းအလို့ငှါ အဘယ်အရပ်သို့ပြေးနိုင်ပါမည်နည်း။ မျက်နှာတော်နှင့်လွတ်ခြင်းအလို့ငှါ အဘယ်အရပ်သို့ ပြေးနိုင်ပါမည်နည်း။

<u>လုကာ ၁:၃–၅</u> သန့်ရှင်းသောဝိညာဉ်တော်သည် သင်၏အပေါ်သို့သက်ရောက်တော်မူ၍ အမြင့်ဆုံးသောဘုရား၏တန်ခိုးအာနုဘော်သည် သင့်ကို လွှမ်းမိုးလိမ့်မည်။

<u>ယော ၁၄:၁၂</u> သန့်ရှင်းသောဝိညာဉ်သည် သင်တို့အား ခပ်သိမ်းသောအရာတို့ကို ပြသသွန်သင်တော်မူ၍ ငါပြောခဲ့သောစကားတို့ကို မှတ်မိသောဉာဏ်ကို သင်တို့အားပေးတော်မူမည်။

*သန့်ရှင်းသောဝိညာဉ်တော်သည် ထာဝရတည်လျက်ရှိပြီး ကျွန်ုပ်တို့နှင့်အစဉ်တည်ရှိနေပြီး ဝိညာဉ်တော်နှင့်ကင်းလွတ်သည့်နေရာမရှိပါ။ သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်တို့အပေါ်သက်ရောက်၍ ဘုရား၏တန်ခိုးအာနုဘော်သည် လွှမ်းမိုးနေသဖြင့် အလုံးစုံသောတန်ခိုးနှင့် ပြည့်စုံစေသည်ဖြစ်၍ အရာခပ်သိမ်းကို သိတော်မူပြီး ပြသသွန်သင်တော်မူပြီး သွန်သင်တော်မူသောစကားကို မှတ်မိရန် ဉာဏ်ကိုလည်း ပေးတော်မူပါသည်။*

၂။ <u>ပျောက်ဆုံးသောသူတစ်ဦး၌ သန့်ရှင်းသောဝိညာဉ်တော်၏ လုပ်ဆောင်ချက်</u>

<u>ယော၁၅:၂၆–၁၇</u> ခမည်းတော်ထံမှ ထွက်လာ၍ သမ္မာတရားနှင့်ပြည့်စုံသောဝိညာဉ်တော်တည်းဟူသော.. ခမည်းတော်ထံမှ သင်တို့ဆီသို့ ငါစေလွှတ်လတ္တံ့သော ဥပဒ္ဒေါယ်ဆရာသည် ရောက်လာသောအခါ ငါ့အကြောင်းကို သက်သေခံလိမ့်မည်။

<u>ယော ၁၆:၈–၁၁</u> ဥပဒ္ဒေါယ်ဆရာသည်ရောက်လာသောအခါ ဒုစရိုက်အပြစ်ကို၎င်း၊ အပြစ်ကင်းခြင်းကို၎င်း အပြစ်စီရင်ခြင်းကို၎င်း လောကီသားတို့အား ထင်ရှားစွဖော်ပြသည်။ ငါ့ကို မယုံကြည်သောကြောင့် ဒုစရိုက်အပြစ်ကို ဖော်ပြမည်။

*ပျောက်ဆုံးသောလူတစ်ဦး၌ သန့်ရှင်းသောဝိညာဉ်တော်က ယေရှုသည် သမ္မာတရားဖြစ်ကြောင်း သက်သေထူပေးပြီး လောကသားများတွင် အပြစ်တည်လျက်ရှိကြောင်း ဖော်ပြပြီး ဖြောင့်မတ်ခြင်းတရားကို ထင်ရှားစေကာ မှန်သောတရားစီရင်ခြင်းကို ပြုတော်မူကြောင်း ဖော်ပြထားပါသည်။*

၃။ <u>ယုံကြည်သူ၌ သန့်ရှင်းသောဝိညာဉ်တော်၏လုပ်ဆောင်ချက်</u>

<u>၂ကော ၁:၂၂</u> ထိုဘုရားသခင်သည် ငါတို့ကို တံဆိပ်ခတ်၍ ငါတို့စိတ်နှလုံးထဲ၌ ဝိညာဉ်တော်တည်းဟူသော စားရန်ကို သွင်းတော်မူ၏။

<u>ဧဖက် ၁:၁၃–၁၄</u> ကယ်တင်တော်မူခြင်းအကြောင်းနှင့်ယှဉ်သော ဧဝံဂေလိတရားတည်းဟူသော သမ္မာတရားကို ကြားနာရ၍ ခရစ်တော်ကို ယုံကြည်ပြီးမှ ဂတိတော်နှင့်ယှဉ်သောသန့်ရှင်းသောဝိညာဉ်တော်၏တံဆိပ်ခပ်ခြင်းကို ခံရကြ၏

ရွေးနှုတ်တော်မူခြင်းသို့မရောက်မီကာလပတ်လုံး ထိုဝိညာဉ်တော်သည် ငါတို့အမွေ၏ စား

ရန်ဖြစ်တော်မူ၏။

<u>တိတု ၃:၅</u> ငါတို့ကျင့်သောဖြောင့်မတ်ခြင်းအကျင့်အားဖြင့်မဟုတ်ဘဲ မိမိသနားခြင်းဂရုဏာတော်နှင့် အညီ ဒုတိယမွေးခြင်းနှင့်ဆိုင်သော ဆေးကြောခြင်းအားဖြင့်၎င်း၊ သန့်ရှင်သောဝိညာဉ်တော်၏အသစ်ပြုပြင်ခြင်းအားဖြင့်၎င်း၊ ငါတို့ကို ကယ်တင်တော်မူ၏။

<u>ရောမ ၈:၂</u> ယေရှုခရစ်၌တည်၍ အသက်ရှင်စေသောဝိညာဉ်တော်တရားသည် အပြစ်တရား၏လက်မှ၎င်း၊ သေခြင်းတရား၏လက်မှ၎င်း ငါ့ကို ကယ်လွှတ်တော်မူပြီ။

<u>ဖေက် ၃:၁၆</u> ဝိညာဉ်တော်အားဖြင့် သင်တို့၏အတွင်းလူကို ခွန်အားနှင့်မြဲမြံခိုင်ခံ့စေ၍...

*ယုံကြည်သူ၌ သန့်ရှင်းသောဝိညာဉ်တော်၏လုပ်ဆောင်မှုများမှာ ထာဝရအသက်ကို အာမခံပေး၍ အပြစ်ဒုစရိုက်နှင့် သေခြင်းတရားမှ လွှတ်မြောက်စေသည့်အပြင် အသစ်သောအသက်တာကို ပြုပြင်ပေးပြီး ဝိညာဉ်တော်တန်ခိုးသွန်းလောင်းပေးကာ ခွန်အားဖြည့်ဆည်းမြဲမြံခိုင်ခန့်စေပြီး ယေရှုခရစ်တော်အကြောင်းကို သက်သေခံရန် အားသစ်တောင်းခံရ၍ နေ့များစွာကို လွှတ်မြောက်စေသည်။*

၄။ <u>သန့်ရှင်းသောဝိညာဉ်ပြည့်ခြင်းနှင့် အသီးသီးခြင်း</u>

<u>ဖေက် ၅:၁၈</u> ထိုသူအပေါင်းတို့သည် သန့်ရှင်းသောဝိညာဉ်တော်ဖြင့် ပြည့်သဖြင့် ဘုရားသခင်၏နှုတ် ကပတ်တော်ကို ရဲရင့်စွာဟောပြောကြ၏။

*ယုံကြည်သူများကို သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်စေပြီး နှုတ်ကပတ်တော်ကို ရဲရင့်စွာဟောပြောစေသည်။*

၅။ <u>သန့်ရှင်းသောဝိညာဉ်တော်၌ ပြည့်ဝရန် လိုအပ်သောအခြေအနေ</u>

<u>တမန် ၂:၃၈</u> သင်တို့အပြစ်ကို လွှတ်စေခြင်းငှါ နောင်တရ၍ တစ်ယောက်မျှမကြွင်း၊ ယေရှုခရစ်၏နာမ၌ ဗတ္တိဇံကို ခံကြလော့။ သို့ပြုလျှင် သန့်ရှင်းသောဝိညာဉ်တော်၏ ဆုကျေးဇူးကို ခံရကြလိမ့်မည်။ "အပြစ်အတွက်နောင်တရ၊ စွန့်လွှတ်၊ ယေရှုခရစ်တော်နာမ၌ ဗတ္တိဇံ ခံယူပြီးလျှင် သန့်ရှင်းသောဝိညာဉ်တော်၏ ဆုကျေးဇူးကို ခံစားရမည်။" ၎င်းမှာ ကယ်တင်ခြင်းစိတ်ချမှု သက်သေဖြစ်သည်။

<u>၁ယော ၁:၉</u> အပြစ်ကျူးလွန်မိလျှင်လည်း ဘုရားထံအပြစ်ဖော်ပြဝန်ချတောင်းပန်ရန်။

<u>ဆာလံ ၆၆:၁၈</u> အပြစ်ငဲ့ကွက်ထားခြင်းမရှိရန်။

<u>ဆာလံ ၅၁</u> အကျွန်ုပ်လွန်ကျူးပါပြီဟု ဝန်ချလျက် အပြစ်ကို အစဉ်မပတ်အောက်မေ့ရန်။

*လွန်ကျူးသမျှသောအပြစ်ဒုစရိုက်အားလုံးထိမ်ဝှက်ထားခြင်းမရှိဘဲ ဘုရားရှေ့ဝန်ချတောင်းပန်ရန် ဖြစ်သည်။*

<u>ရောမ ၁:၁၇</u> ဖြောင့်မတ်သောသူသည် ယုံကြည်ခြင်းအားဖြင့် အသက်ရှင်လိမ့်မည်။

<u>တမန် ၃:၃၂</u> ဘုရားသခင်၏စကားကို နားထောင်သောသူတို့အား ပေးသနားတော်မူသော သန့်ရှင်သောဝိညာဉ်တော်သည် သက်သေခံဖြစ်တော်မူသည်။

*သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝရန်အတွက် ပြုမိ ခဲ့သောအပြစ်များအတွက် နောင်တရ၍ အပြစ်များကို စွန့်လွှတ် ပြီး ဘုရားထံစိတ်နှလုံးအကြွင်းမဲ့လာရန်နှင့် ထိုအရှင်သည် ကယ်တင်ခြင်းစိတ်ချမှုကိုပေးထားပြီးဖြစ်၍ ဖြောင့်မတ်စွာ အသက်ရှင်ခြင်းဖြင့် ယုံကြည်ခြင်းကို တိုးပွားစေရန် ဘုရားစကားကို နားထောင်နာခံလိုက်လျှောက်ခြင်းအားဖြင့် ဘုရားသခင်ပေးထားမူသော သန့်ရှင်းသောဝိညာဉ်ဖြင့် သက်သေထူပေးမည်ဖြစ်ကြောင်း ဝေမျှလိုက်ပါသည်။*

ခရစ်တော်မေတ္တာ၌
ဆရာသန်းဇော်

## အောက်တိုဘာလ မှ ဒီဇင်ဘာလ
## အတွင်းလုပ်ဆောင်ချက်များ

| | | |
|---|---|---|
| ဝေစာဝေခဲ့သောအိမ်ခြေပေါင်း | = | ၁၆၇၃၂၈ |
| အများပြည်သူနေများဝေခြင်း | = | ၁၇၇၃၈ |
| ဝေစာစောင်ရေပေါင်း | = | ၁၈၅၀၆၆ |
| အသင်းတော်များနှင့်လက်တွဲမှု | = | ၁၂၂ |
| စေတနာအမှုတော်ဆောင်များဝါဝင်များ | = | ၂၉၆ |
| အင်တာနက်ဖြင့် ဧဝံဂေလိဟောမှု | = | ၇၉၀၅၅ |
| သင်တန်းများပြုလုပ်ခြင်း | = | ၆၅ |
| ရေနှစ်ခြင်းမင်္ဂလာခံယူသူ | = | ၅၆ |
| တပည့်တော်စုအသစ် | = | ၉ |
| ဧဝံဂေလိနှင့် ဝေစာဝေခြင်းမှ တုန့်ပြန်သူ | = | ၅၄၇ |

*" ယုံကြည်သူများကို သန့်ရှင်းသောဝိညာဉ်တော်နှင့် ပြည့်ဝစေပြီး နှုတ်ကပတ်တော်ကို ရဲရင့်စွာဟောပြောစေသည်။ "*

# သာသနာကွင်းမှ သက်သေခံချက်များ

## ဆရာစိုင်းအောင်မိုင်း (ရှမ်းပြည်နယ်တောင်းပိုင်း)

မိုးရွာသွန်းထားသဖြင့် ဆိုင်ကယ်မောင်းမရသောရွာများသို့ အထုတ်အပိုးများဖြင့် ခြေလျင်သွားရောက်ခဲ့ရသော်လည်း ထိုရွာများ၌ ခရစ်တော်ကို ခေါ်ဖိတ်လက်ခံသူများရှိနေကြောင့် ကျေးဇူးတော်ချီးမွမ်းမိပါသည်။ ဈေးတွင် ဟောပြောခြင်းတွင် ကြားနာခဲ့သော ကိုသက်ပိုင် (ကရင်လူမျိုး) တစ်ယောက်သည် ခရစ်တော်ကို ခေါ်ဖိတ်လက်ခံပြီး နှုတ်ကပတ်တော်များကို ဆက်လက်ခံယူလျက်ရှိပါသည်။

ဟိုပုံးမြို့နယ်၊ ဆီဆိုင်မြို့နယ်ရှိ ကျေးလက်တောရွာများအထိ မဟာစေစားချက်ကို လုပ်ဆောင်နိုင်၍ အထူးဝမ်းမြောက်မိပါသည်။ မိုးမိသော်လည်း မဖျားမနာဘဲ ဆက်လက်ဝေငှနိုင်ခဲ့သည်။ One Day for Jesus အစီအစဉ်လည်း လုပ်ဆောင်နိုင်ခဲ့၍ အထူးဝမ်းမြောက်မိပါသည်။ သတင်းကောင်းကြားနာရသည်သာမက အမှုတော်မြတ်၌ ပါဝင်လိုစိတ်ရှိလာသူများကိုလည်း တွေ့ရှိခဲ့သည်။ ထိုအပြင် ခြံထွက်သီးနှံများဖြစ်သည့် ငရုပ်၊ သခွား၊ ဆန်၊ ဖရုံ စသည်များကို လာရောက်ပေးလှူခဲ့ကြသည်။လူနာအချို့ဆေးကုသပေးခဲ့ရသည်။ ယားနာဖြစ်သူကလေး (၁)နှစ် သမီး၊ ကယန်းမလေးသည် ဆီဆိုင်တွင် ဆရာဝန်ကုသပေးသော်လည်း မသက်သာခဲ့ပါ။ ထိုကလေးငယ်လေး ဆေးလိမ်းပြီး ဆုတောင်းပေးခဲ့ရာ သက်သာပျောက်ကင်းသွားခဲ့သည်။ နောက်တစ်ဦးမှာ (၁)နှစ်အရွယ် နို့စို့ကလေး၏ မိခင်ဝမ်းသွားနေသည်မှာ အကြိမ် (၂၀) ရှိပြီး သူ့အား ဆေးတိုက်၊ ဆုတောင်းခြင်းပြုခဲ့ရာ ကျန်းမာခဲ့သည်။ ကလေးရောမိခင်ပါ သက်သာပျောက်ကင်းပြီး ပြန်ခါနီးတွင် ငရုပ်သီးတစ်ထုပ်လာပေးလှူပါသည်။

နောင်တချိန် လမ်းကောင်းသောရာသီ၊ ဆောင်းကာလတွင် တစ်ဖန် သွားရောက်မေတ္တာပြဟောပြောရန် ဆုတောင်းလျက်ပြင်ဆင်နေပါသည်။ ကယန်းလူမျိုး အိမ်(၈၀)၊ စစ်ရှောင် (ကယား) အိမ်ခြေ (၇၀) ရှိသည့် ရွာများသို့ သွားရန် လမ်းပန်းဆက်သွယ်ရေး ခက်ခဲလျက်ရှိပါသည်။ သတိရဆုတောင်းပေးရန်.... သက်သေခံချက်ကို ဖတ်ရှုသူအယောက်ဆီတိုင်း ဘုရားသခင်ကောင်းကြီးပေးပါစေ... အာမင်။

• ▬ ▬ ▬ ▬ ▬ ▬ ▬ •

## နန့်အေးကလျာဦး (ဧရာဝတီတိုင်း)

ကျွန်မအမည်ကတော့ နန့်အေးကလျာဦးဖြစ်ပြီး အသက်ကတော့ (၁၇) ရှိပြီး၊ ယခု နဝမတန်းကျောင်းသူဖြစ်ပြီး ရုံးတောအထက်တန်းကျောင်းမှာ ပညာသင်ယူနေပါတယ်။ ကျွန်မက ဧရာဝတီတိုင်းဒေသကြီး၊ အိမ်မဲမြို့နယ်၊ ကိုးတောင်ဗျိုက်ရွာမှာ နေထိုင်ပြီး ပိုးကရင်လူမျိုးဖြစ်ပါတယ်။ အမေကတော့ယုံကြည်သူဖြစ် ပြီး အဖေကတော့ ပိုးကရင်နတ်စားဖြစ်ပါတယ်။ အဖေကယခုအထိ မပြောင်းလဲသေးပါ။ ကျွန်မသက်သေခံချင်တာကတော့ ဆရာဦးသန်းဇော်နှင့် ဆရာမဂျမိုင်းတို့ မရမ်းကုန်းရွာကို BFAM သင်ကြားမှုနဲ့ ဝေစာဝေခြင်းအားဖြင့် ရောက်ရှိလာတဲ့အခါ သွားရောက်ပါဝင်ချင်ခဲ့ပါ တယ်။ ဒါပေမဲ့ မိခင်က ယုံကြည်သူဖြစ်သည့်အတွက်ကြောင့် သွားရန် ခွင့်ပေးသော်လည်း အဖေက လုံးဝမသွားဖို့ တားဆီးပြီး သွားရန်ခွင့် ပေးခဲ့ပါ။ မရမ်းကုန်းရွာမှာရှိတဲ့ အဘိုးဆီအလည်သွားမယ်လို့ အကြောင်းပြပြီး သင်တန်းကိုအရောက်သွားတက်ခဲ့ပါတယ်။ သင်တန်းပြီးတဲ့အချိန်မှာ ဆရာ၊ဆရာမများနှင့် ဝေစာအားဖြင့် အိမ်များသို့ သွားရောက်ဝေငှခဲ့ပါတယ် ဝေစာဝေငှရန် ပါဝင်ခွင့်ရသည့်အတွက် အရမ်းဝမ်းမြောက်ပါတယ်။ စိတ်ထဲမှာ ခံစားရတာက အဖေ သာယေရှုကို ယုံပြီး ပြောင်းလဲမယ်ဆို ကျွန်မကို ချုပ်ချယ်မှာမဟုတ်ဘဲ အမှုတော်မြတ်အတွက် ပါဝင်ခိုင်းမှာဆိုတာပါဘဲ၊ လို့ ခံစားမိတယ်။ ၂၀၂၂ ခုနှစ် (၁၀)လပိုင်းမှာ တစ်ခါ ဆရာကြီးဦးကြည်သာလှနှင့်တကွ အမှုတော်ဆောင် One Day for Jesus အစီအစဉ်ဖြင့် လာရောက်တဲ့ အခါ ခရစ်တော်အတွက် ဘယ်လိုပေးဆပ်ရမလဲဆိုတာ ပိုပြီး သိရှိ နားလည်ခဲ့ပါတယ်။ အဓိက ဘဝမှာ ဆုတောင်းခြင်းက မရှိမဖြစ်လိုအပ်ပါသည်။ ဆုတောင်းခြင်းမရှိရင် လူသေကဲ့သို့ ဖြစ်တယ်ဆို တာရယ် ဝေစာတစ်ရွက်မှာ တန်ဖိုးဘယ်လောက်ကြီးမားပြီး ခရစ်တော် အတွက် ဘယ်လိုပေးဆပ်ရမယ်ဆိုတာကို သိရှိလာရပြီး ဘုရားသခင်ကို ပိုပြီး ဆာငတ်လာပါတယ်။ ကျောင်းသူတစ်ယောက် ဖြစ်သည့်အတွက်ကြောင့် ဆရာ၊ဆရာမများကဲ့သို့ ရွာတိုင်းကို လိုက်လံပြီး ဝေစာမဝေနိုင်ပေမဲ့လည်း ဆုတောင်းနိုင်ပြီးတော့ ကျောင်းမှာရှိတဲ့ အတန်းဖော် သူငယ်ချင်းများကို လစဉ် တစ်လတစ်ကြိမ်ဝေငှရန် စိတ်ဆုံးဖြတ်ထားပါတယ်။..ကျွန်မအတွက်နဲ့အတူ ဖခင်ကြီးပြောင်းလဲဖို့ရန်နှင့် မိသားစုအားလုံး ခရစ်တော်၌ တစ်လုံးတစ်ဝတည်းဖြစ်ရန်အတွက် ဆုတောင်းချက်တင်ပြခြင်းဖြင့် အနည်းငယ် သက်သေခံလိုပါသည်။

• ▬ ▬ ▬ ▬ ▬ ▬ ▬ •

## မောင်ဂျဲစန် (ကယားပြည်နယ်)

ကျေးဇူးတော်အားဖြင့် ဇံဂေလိဝေငှရာတွင် မောင်ဂျဲစန်နဲ့ တွေ့ဆုံခွင့်ရခဲ့ပါတယ် မောင်ဂျဲစန်သည် မယုံကြည်သူ ကရောလူမျိုး တစ်ယောက်ဖြစ်ပါတယ်။ သူသည် ဖခင်မရှိတော့ပါ။ မိခင်နှင့် ညီလေး/ညီမလေး (၄) ဦးသာရှိပြီး စားဝတ်နေရေးအတွက် ရှာဖွေစား သောက်နေရပါတယ်။ မောင်ဂျဲစန်သည် ယပ်ခူကျေးရွာမှာ နေထိုင်သူ ဖြစ်တယ်။ ကယားပြည်နယ်၊ ဒီမော့ဆိုမြို့နယ်တွင် စစ်ပွဲများဖြစ်နေ သောကြောင့် ဝါဘန်းပလိုကျေးရွာမှာ စစ်ရှောင်ရန်ရောက်လာခဲ့ပါတယ်။ မောင်ဂျဲစန်သည် ခရစ်တော်၏ကယ်တင်ခြင်းသတင်းကောင်း တစ်ခါမျှမကြားဖူးပါ။ ဝေစာအားဖြင့် သင်တန်းတက်ရောက်ခြင်း၊ ဇံဂေလိသတင်းကောင်းဝေငှခဲ့တဲ့နေရာမှာပဲ သူသည်ရောက်ရှိခဲ့ပါတယ်။ ထိုနေရာမှာပဲ ယေရှုခရစ်တော်၏ကယ်တင်ခြင်းသတင်းစကားကို ကြားခဲ့ရပါတယ်။ ထိုနေရာမှာပဲ ယေရှုခရစ်တော်၏ ကောင်းမြတ်ခြင်းကို ခံစားသိရှိရပါတယ်။ ထိုအခါ တမလွန်တွင် ငရဲသို့သွားရန် သူ့အရမ်းကို ကြောက်ရွံ့ခဲ့ပါတယ်။ ထို့ကြောင့် ခရစ်တော်ကို မိမိကယ်တင်ပိုင်ရှင်အဖြစ် ခေါ်ဖိတ်လက်ခံယုံကြည်ခဲ့ပါတယ်။ ခရစ်တော်ကို ခေါ်ဖိတ်လက်ခံပြီး နောက်ပိုင်းတွင် ကျန်းမာခြင်း ပိုမိုကောင်းမွန်လာတယ်။ စိုးရိမ်ခြင်းမရှိဘဲ ပျော်ရွှင်ဝမ်းမြောက်ခြင်းများခံစားလာတယ်။ ယခုသူသည် ကျွန်မနှင့်အတူ ဝေစာဝေခြင်း ဇံဂေလိထွက်ခြင်းဖြင့် ပါဝင်ဆက်ကပ်နေပါသည်။ ဤသက်သေခံချက်များအားဖြင့် ဖတ်ရှုသောသူတိုင်း ဘုရားရှင်အထူးကောင်းကြီးပေးပါစေ...အာမင်

# ကြားဝင်ဆုတောင်းပေးခြင်း၏ အခြေခံသဘောတရား

ကြားဝင်ဆုတောင်းပေးခြင်းဆိုရာ၌ ဘုရားသခင်၏ ကောင်းကြီးမင်္ဂလာကို သူတစ်ပါးတို့အတွက် တောင်းပေးခြင်း ကိုခေါ်သည်။ ဆုတောင်းသောခရစ်ယာန်များသည် ဤဆုတောင်းနည်းအားဖြင့် ဆုတောင်းသောအခါ ဘုရားသခင်က သူ့တန်ခိုးကိုစေလွှတ်ပြီး ဖြည့်ပေးရန်စောင့်ဆိုင်းလျက်ရှိကြောင်းသိရသည်။ ဤဆုတောင်းမျိုးကို ကျမ်းစာထဲက သတေဖန်က သူ့အသက်ကို သတ်သောသူများအတွက် ဆုတောင်းပေးခဲ့သည်။ (တမန်၊ ၇:၅၄-၆၀) သတေဖန်၏နောက်ဆုံးစကားမှာ သူ့ကို ခဲနှင့်ပစ်သတ်သောသူများကို ခွင့်လွှတ်သနားရန် ဘုရားသခင်ကို တောင်းပန်ခဲ့သည်။ ထိုလူအုပ်ထဲတွင် အားပေးအားမြှောက်ပြုသူတစ်ဦးလည်းပါသည်။ ထိုသူသည်လည်း သတေဖန်၏ ဆုတောင်းချက်၌ ရည်ညွှန်းထားသူဖြစ်နေသည်။ သူ့အမည်မှာ တာရှုမြို့မှ ရှောလုဖြစ်ပြီး ယေရှုနောက်လိုက်များကို ညှင်းပန်းသည့်ဘက်တွင် နာမည်ရသည်။ သို့သော်လည်း သေခါနီးလူတစ်ယောက်သည် သူတစ်ပါးအတွက် ဆုတောင်းပေးခြင်းဖြင့် တစ်ကမ္ဘာလုံးက ထိုဆုတောင်းချက်မှ ဖြစ်ပေါ်လာသောအရှိန်အဟုန်၏ တို့ထိခြင်းခံရသည်။ ဆူပူသောင်း ကျန်းသည့် လူအုပ်ကြီးကို ဦးဆောင်၍ လူကိုသတ်စေသည့်သူက တစ်နေ့တွင် အောက်ပါစာကို ရေးသည်ဟု ပြောလျှင် မည်သူယုံနိုင်ပါမည်နည်း။

(၁ကော၊ ၁၃:၁) "ငါသည်လူ့ဘာသာစကားကိုလည်းကောင်း၊ ကောင်းကင်တမန်ဘာသာစကားကိုလည်းကောင်း၊ ပြောနိုင်သော်လည်း မေတ္တာမရှိလျှင် အသံမြည်သောတံပိုးခရာကဲ့သို့လည်းကောင်း၊ တီးသံကိုသာပေးတတ်သော လင်းကွင်းကဲ့သို့လည်းကောင်းဖြစ်၏"

ဤသည်ပင် ကြားဝင်ဆုတောင်းပေးခြင်း၏တန်ခိုးဖြစ်ပါသည်။ သို့ဖြစ်၍ ထိုဆုတောင်းပေးခြင်းအကြောင်းကို အထူးတွေးတောဆင်ခြင်ပေးပါသည်။

(၁) ကြားမှနေ၍ဆုတောင်းပေးခြင်းသည် ဒူးထောက်၍ မေတ္တာပြခြင်းဖြစ်သည်။

ပညာရှိစာရေးဆရာတစ်ဦးက "သူတစ်ပါးအတွက် ကျွန်ုပ်တို့ဆုတောင်းပေးရမည်။ ကျွန်ုပ်တို့၏ဆုတောင်းခြင်းအသက်တာသည် အခြေခံဝန်တာဖြစ်ပြီး ခရစ်ယာန်များအတွက် ချစ်ခြင်းမေတ္တာသည် အသက်တာအတွက် ဥပဒေတစ်ရပ်ဖြစ်သည်။" ဟု ပြောပါ၏ သူတစ်ပါးအတွက် ဆုတောင်းပေးခြင်းသည် အကောင်းဆုံးမေတ္တာပြခြင်းတစ်ရပ်ဖြစ်သည်။

ဒေါက်တာနော်မန်ဗင်းဆင့်ပီးက ဤချစ်မေတ္တာသဘာဝကို သဘာဝထက်ထူးခြားသောတုန်ခါမှုဖြင့် ဖော်ပြတတ်သည်ဟုပြောသည်။ "ကျွန်တော်ကိုယ်တိုင်ခံယူချက်မှာ ဆုတောင်းခြင်းသည် လူတစ်ယောက်မှ အခြားတစ်ယောက်ထံ သို့ ထိုမှတစ်ဆင့် ဘုရားသခင်ထံသို့ တုန်ခါမှုတစ်မျိုးကို စေလွှတ်လိုက်ခြင်းဖြစ်သည်။ စကြဝဠာတစ်ခုလုံးသည် တုန်

---

## ချီးမွမ်းခြင်းများ နှင့် ဆုတောင်းချက်များ

**ချီးမွမ်းခြင်း**

- အောက်တိုဘာလမှ ဒီဇင်ဘာလအထိ ဝေစာဝေခြင်း အောင်မြင်စွာလုပ်ဆောင်နိုင်သောကြောင့် ကျေးဇူးတော် ချီးမွမ်းပါသည်။
- ဒီဇင်ဘာလတွင် ဧဝံဂေလိတရားဟောပွဲများ ပြုလုပ်နိုင်သောကြောင့် ကျေးဇူးတော် ချီးမွမ်းပါသည်။
- One Day For Jesus ကို တိုင်းနှင့်ပြည်နယ်အသီးသီး၌ ကောင်းမွန်စွာလုပ်ဆောင်ခွင့်ရသောကြောင့် ကျေးဇူးတော် ချီးမွမ်းပါသည်။
- တိုင်းနှင့်ပြည်နယ်အသီးသီးမှ အမှုတော်ဆောင်များ ဝေစာဝေခြင်း ဧဝံဂေလိဟောပြောခြင်းများ အခက်အခဲမရှိ လုပ်ဆောင်ခွင့်ရသောကြောင့် ကျေးဇူးတော်ချီးမွမ်းပါသည်။
- ယုံကြည်သူလူသစ်များ ဗတ္တိဇံမင်္ဂလာခံယူလာခြင်းအတွက် ကျေးဇူးတော်ချီးမွမ်းပါသည်။
- Online အားဖြင့် သက်သေခံသောအခါ စိတ်ဝင်စားသူများစွာရှိလာခြင်းအတွက် ကျေးဇူးတော်ချီးမွမ်းပါသည်။

**ဆုတောင်းချက်**

- အမှုတော်ဆောင်များ ကျန်းမာစွာဖြင့် ဆက်လက်အစေခံနိုင်ရန်။
- မြန်မာပြည်တည်ငြိမ်အေးချမ်းလာပြီး ဘုရားသခင်အုပ်စိုးသောနိုင်ငံဖြစ်လာရန်။
- ခက်ခဲနေသောသူများ၊ စစ်ဘေးရှောင်များအတွက် ဘုရားရှင်ကောင်းကြီးပေးရန်။

ခါမှုအောက်၌ရှိသည်။ စားပွဲတစ်လုံး၏ မော်လီကျူးထဲ၌လည်း တုန်ခါမှုရှိသည်။ လေသည်လည်း တုန်ခါမှုပင်ဖြစ်သည်။ သင်သည် အခြားသူတစ်ဦးအတွက် ဆုတောင်းပေးလျှင် ဝိညာဉ်ကမ္ဘာ၌ရှိနေသောစွမ်းအားကို သင်အသုံးပြုလိုက်ခြင်းဖြစ်သည်။ သင့်ထံမှ အခြားသူတစ်ဦးထံသို့ မေတ္တာ၊ မိမိမတတ်နိုင်သောအရာ၊ ထောက်ပံ့ခြင်း၊ ကိုယ်ချင်းစာတရား၊ နားလည်မှုရှိ ခြင်းတို့ကို ပေးပို့သည်။ ဤနည်းနှင့် သင်သည် စကြာဝဠာတွင် ရှိသော တုန်ခါမှုများကို နိုးကြားစေပြီး သင်ဆုတောင်းပေးသော ကောင်းမွန်သည့် ရည်မှန်းချက်ကို ဘုရားသခင်က ဖြည့်ဆည်းပေးပါသည်။"

ကြားဝင်ဆုတောင်းပေးခြင်းသည် ဆုတောင်းခန်းထဲသို့ မေတ္တာကို ယူဆောင်သွားပြီး ဆုတောင်းခြင်းထဲသို့ ထိုမေတ္တာကိုပတ်ဖျန်းလိုက်ခြင်းဖြစ်သည်။ ရိုးရိုးပြောရလျှင် ဒူးထောက်၍ မေတ္တာပြခြင်းပင်ဖြစ်သည်။

ကိုယ်တော်၏လူများအနေနှင့် မိမိတို့ကိုယ်ကိုလုံးဝအပ်နှံဖို့ လက်ခံရယူဖို့ အသင့်ရှိကြောင်း အကောင်းဆုံးဖော်ပြလိုက်ခြင်းပင်ဖြစ်သည် ဟူ၍ ဘုရားသခင်က သဘောထားပါသည်။

(၂) ကြားမှနေ၍ဆုတောင်းပေးခြင်းသည် ပျောက်ဆုံးဝိညာဉ်များ ကယ်တင်ခြင်း ရရန်ပြင်ဆင်ပေးသည်။

ကျွန်ုပ်တို့တွေးကြည့်လျှင် ဘုရားသခင်က ကျွန်ုပ်တို့ဆုတောင်းခြင်းအပေါ် အမှီပြုနေသည့်ပုံပေါ်သည်။ ကယ်တင်ခြင်းမရသေးသူများအတွက် ကယ်တင်ခြင်းရရန် ပြင်ဆင်ပေးနိုင်ဖို့ကြားမှ ဆုတောင်းချက်အား ဘုရားသခင်ကစောင့်မျှော်နေကြောင်း သိရသည်. (အင်ဒရူးမာရေး)က ဘုရားသခင်မှ



သူ၏ ကောင်းကြီးမင်္ဂလာသွန်းလောက်လိုသော ပြင်းပြသည့်ဆန္ဒကို ကြားဝင်ဆောင်ပေးခြင်းအပေါ် မူတည်ခြင်းအားဖြင့် ကန့်သတ်ထားပေသည်။ ဤကြားဝင်ဆုတောင်းပေးခြင်းသည် ဘုရားသခင်၏အနန္တတန်ခိုးဖြင့် ပြုလုပ်ပေးနိုင်ရန် ဤ၁၉ရာစုနှစ် သာသနာပြုဆရာကပင် ဆက်လက်၍ "ဘုရားသခင်သည် ဤကမ္ဘာကြီးနှင့် သူ့အသင်းတော်ကို သူ့သားသမီးများ၏ ဆုတောင်းခြင်းအားဖြင့် အုပ်ချုပ်တော်မူသည်"ဟု ပြော၏။ ဘုရားသခင်သည် သူ့နိုင်ငံတော်ကိုကျယ်ပြန့်အောင်ချဲ့ထွင်ရန် သူ့လူများ၏ သစ္စာရှိစွာကြားဝင်ဆုတောင်းခြင်းများအပေါ်၌



အခြေခံလျက်ရှိပေသည်။ သို့ဖြစ်၍ ဆုတောင်းခြင်းသည် ထူးကဲသောနက်နဲမှုတစ်ရပ်ဖြစ်သော်ငြားလည်း ဥဿုံသေချာသောအရာလည်းဖြစ်ပါ၏။

(၃) ကြားဝင်ဆုတောင်းခြင်းသည် ဝိညာဉ်များအတွက်စိတ်နှလုံးက ငိုကြွေးမြည်တမ်းခြင်းဖြစ်သည်။

ကြားဝင်ဆုတောင်းခြင်းသည် ဆုတောင်းခြင်း၏ အမြင့်ဆုံးအမျိုးအစားဖြစ်သည်။ အကြောင်းမှာ တန်ဖိုးမဖြတ်နိုင်သောလူ့ဝိညာဉ်အတွက် ဆုတောင်းပေးသောကြောင့်ဖြစ်သည်။ ဤနေရာတွင် ကြားဝင်ဆုတောင်းပေးခြင်းသည် ပြောင်းလဲစ လူများအတွက် စိတ်နှလုံးထဲမှ အော်ဟစ်ငိုကြွေးခြင်းဟုလည်း ပြောနိုင်သည်။ ထိုသို့ ဆုတောင်းပေးခြင်းထဲတွင် ဝန်ထုပ်ကြီးရှိနေပါသည်။ (ဂျေ-ဒီဒရိုင်း)က ဝန်ထုပ်ဆိုသည်မှာ သူတစ်ပါးကို ဂရုတစိုက်ကြည့်ရှုစောင့်ရှောက်နေခြင်း၊ သူတစ် ပါးအတွက် ဝမ်းနည်းခြင်းဟု အနက်ဖွင့်ထားသည်။ ဘုရားသခင်၏သားသမီးများအတွက် အရေးအကြီးဆုံးအလုပ်မှာ ကြားဝင်ဆုတောင်းပေးခြင်းဖြစ်သည်။ လူတစ်ယောက်၏ စိတ်ထဲတွင် ဝိညာဉ်များအတွက် ဝန်ထုပ်မရှိလျှင် ဝိညာဉ်များကို ခရစ်တော်ထံ ပို့ဆောင်နိုင်မည်မဟုတ်ပါ။ ဤဝန်ထုပ်၌ရိုး သားမှုရှိသည်ဆိုလျှင် ဝိညာဉ်များအတွက် ကျွန်ုပ်တို့ စဉ်းစားနေရုံမဟုတ်ဘဲ သူတို့ကိုယ်စားဝင်ပြီး ဘုရားသခင်ကို အော်ဟစ်ဆုတောင်းပေးမည်ဖြစ်သည်။

ကြားဝင်ဆုတောင်းခြင်းအလွန်အရေးကြီးရသည့်အကြောင်းမှာ ဝိညာဉ်များကို အဓိကထားခြင်းကြောင့်ဖြစ်ပါ၏။ အသနားခံ (Petition) မှာ အရေးကြီးသော်လည်း အများအားဖြင့် ဝတ္ထုပစ္စည်းများနှင့်သာ ဆိုင်သည်။ ကြားဝင်ဆုတောင်းခြင်း (Intercession) မူကား လူတို့နှင့်ပတ်သက်ပြီး လူသည် တန်ဖိုးမဖြတ်နိုင်ပါ။

(၄) ကြားမှနေ၍ဆုတောင်းပေးခြင်းသည် ဘုရားသခင်နှင့်အတူတကွ အလုပ်လုပ်ခြင်းဖြစ်သည်။

ကြားဝင်ဆုတောင်းပေးခြင်းသည် ဘုရားသခင်ရှေ့တွင် ရပ်ပြီး လက်ဖြန့်ကာတစ်ခုခုရယူဖို့ မျှော်လင့်နေသည့် သဘောမျိုးမပါရှိပါ။ ဘုရားသခင်၏ ဘေးတွင် ရပ်ပြီး သူနှင့်အတူတစ်ပါးသူများအား ရွေးနှုတ်ရန်လုပ်ဆောင်ခြင်းဖြစ်သည်။ သူတစ်ပါးအတွက် ကြားမှဆုတောင်းပေးခြင်းသည်

ကမ္ဘာ့ဧဝံဂေလိလုပ်ငန်းတည်းဟူသော ကိုယ်တော်၏အကြံတော် အတွက် ခရစ်တော်နှင့်အတူ ပါဝင်ဆောင်ရွက်ပေးခြင်းဖြစ်သည်။ (၁ကော၊ ၃:၉) "ငါတို့သည် ဘုရားသခင်ထံ၌ အလုပ်လုပ်သောသူချင်း ဖြစ်ကြ၏" ထို့ကြောင့် ကြားဝင်ဆုတောင်းပေးခြင်းသည် ခရစ်ယာန်များက သူတို့ချည်းသက်သက် တာဝန်ယူဆောင်ရွက်သော အလုပ်မဟုတ်ပါ။ ဘုရားသခင်၏ ခွန်အားဖြင့် ပြုလုပ်သောမေတ္တာအမှုဖြစ်သည်။ ယေရှု၏အခွင့်အာဏာနှင့် သန့်ရှင်းသောဝိညာဉ်တော်၏ တန်ခိုးအားဖြင့် ပြုလုပ်သောမေတ္တာအလုပ်ဖြစ်သောကြောင့် အလွန်တန်ခိုးကြီးသည်။

**Dick Eastman**

**(The Change the World School of Prayer)**

## ၂၀၂၃ ခရီးစဉ်

၂၀၂၃ ဆိုတဲ့ ခရီးကို အစပြုသွားရတော့မယ်။ ဒီခရီးမှာ ဘာတွေဖြစ်လာမလဲ၊ ဘာတွေတွေ့ကြုံရမလဲဆိုတာမသိတဲ့ အတွက် ဒီခရီးကို အစပြုသွားဖို့ –

(၁) ဘယ်သူနဲ့အတူသွားမလဲ?

မောရှေကတော့ ကိုယ်တော်ရှေ့ကဦးဆောင်မသွားဘူးဆိုရင် ကျွန်တော်တို့လည်းမသွားရပါစေနဲ့၊ ကိုယ်တော်နဲ့အတူ သွားခြင်းကြောင့်သာ လုံခြုံရပါတယ်၊ လုံလောက်ရပါတယ် ငြိမ်သက်ပျော်ရွှင်ဝမ်းမြောက်ခြင်းနဲ့မျက်နှာသာပေးခြင်းများခံစား ရပါတယ်၊ ဘုန်းတော်ထင်ရှားခြင်းများဖြစ်ရပါတယ်တဲ့။ ဒါကြောင့် မောရှေကဲ့သို့ ကိုယ်တော်မပါဘဲ ဒီ ၂၀၂၃ ခရီးကို ကျွန်တော် တို့လည်း မသွားကြပါနဲ့နော်။

(၂) ဘယ်သူ့စကားနဲ့အတူသွားမလဲ?

မောရှေနဲ့ငါရှိသလိုမင်းနဲ့လည်း ငါအတူရှိမယ်လို့ ယောရှုကိုပြောတဲ့ ဘုရားသခင်က "ငါ့စကားဖြစ်တဲ့ ကျမ်းစာကို နေ့ညမပြတ်ကြည့်ရှုဖတ်ရွတ်ဆင်ခြင်အောက်မေ့ပြီး ငါ့စကားအတိုင်းနာခံလိုက်လျှောက်အသက်ရှင်ပါ"လို့ ယောရှုကိုမိန့်ကြားပြန်ပါတယ်။ ယောရှုကလည်း ဘုရားစကားအတိုင်း နာခံလိုက်လျှောက်ခဲ့တာကြောင့် လူ့အနေနဲ့မဖြိုချနိုင်တဲ့ ယေရိခေါလို မြို့ရိုးကြီးတွေနဲ့ ရန်သူတွေကို ဖြိုချအနိုင်ယူနိုင်ခဲ့ပါတယ်။ ဘုရားစကားနားထောင်တဲ့ ယောရှုရဲ့စကားကို ဘုရားသခင်က ပြန်လည်နားထောင်ပြီး နေနဲ့လကိုတောင်ရပ်ခိုင်းစေတဲ့အထိ စကားနားထောင်ခြင်းရဲ့သက်သေကို ပြနိုင်ခဲ့ပါတယ်။ သင်တို့သည် ငါ့စကားသံကိုကြား၍ ငါ့နောက်သို့လိုက်ကြ၏ ထိုသိုးတို့ကိုငါသိ၏။ ငါ့စကားကိုနားထောင်သောသူမူကား လုံခြုံစွာနေ၍ ဘေးကိုမကြောက်ငြိမ်ဝပ်လိမ့်မည်။ ဆိုတဲ့ ဘုရားစကားအတိုင်း ဘုရားစကားနဲ့ ဘုရားနောက်ကိုလိုက်တဲ့ဘုရားသားသမီးများဖြစ်ကြရအောင်နော်။

(၃) ဘယ်သူ့ကိုအော်ဟစ်အကူအညီတောင်းမလဲ?

ဇေရနဲ့သူရဲ့လူတွေဟာ အဟာဝမြစ်နားကနေ ယေရှုရှလင်မြို့ကို သွားဖို့ အစီအစဉ်ဆွဲကြပါတယ်။ ဒီလမ်းခရီးမှာ သူတို့ကို ဆီးတားနှောက်ယှက်မဲ့ ရန်သူတွေရှိတာကြောင့် သူတို့ စိုးရိမ်နေကြပါတယ်။ အဲဒီအတွက် သူတို့ကိုကာကွယ်စောင့်ရှောက်ပေးဖို့စစ်တပ်ကို ဘုရားထံမှာမတောင်ခဲ့ပါဘူး။ ဘာကြောင်လဲဆိုတော့ ဘုရင်ကိုသူတို့ကိုးကွယ်တဲ့ဘုရားဟာ အသက်ရှင်ပြီး တန်ခိုးကြီးတဲ့ ဘုရားဖြစ်ကြောင်းကို ပြောကြားခဲ့လို့ပါပဲ။ ဒါကြောင့် ထာဝရဘုရားကို ကိုးစားခြင်းဟာ မင်းကို ကိုးစားခြင်းထက်သာ၍ကောင်းတယ်ဆိုတဲ့အတိုင်း ဘုရင်ကို သူတို့ကိုးကွယ်တဲ့ ဘုရားဟာ အသက်ရှင်ပြီး တန်ခိုးကြီးတဲ့ ဘုရားဖြစ်ကြောင်းကို ပြောကြားခဲ့လို့ပါပဲ။ ဒါကြောင့် ထာဝရဘုရားကို ကိုးစားခြင်းဟာ မင်းကို ကိုးစားခြင်းထက်သာ၍ကောင်းတယ်ဆိုတဲ့အတိုင်း ဘုရားသခင်ထံမှာအော်ဟစ်ဆုတောင်းခဲ့ကြပါတယ်။ ဆုတောင်းပြီးတဲ့ နောက်မှာ အဟာ





ဝမြစ်ကနေယေရုရှလင်မြို့ထိချီတက်သွားကြတာချောမောစွာနဲ့ ရောက်ရှိခဲ့ကြပါတယ်။ လမ်းခရီးမှာ သူတို့ကို နှောက်ယှက်မဲ့ ရန်သူတွေကို ဘုရားသခင်က ထိန်းချုပ်ထားလိုက်လို့ပါပဲ။ ဒါကြောင့် ၂၀၂၃ မှာ တွေ့ကြုံရမယ့် အခက်အခဲပြဿနာများအတွက် ဘုရားသခင်ထံ အပ်နှံဆုတောင်းပြီး ဘုရားရဲ့မစမှုနဲ့ ဖြတ်ကျော်ကြရအောင်နော်။

(၄) ဒီခရီးမှာ ဘာတွေလုပ်ကြမလဲ?

ဒီလမ်းခရီးမှာ အရေးကြီးအရေးပေါ်ဆိုတဲ့အရာတွေ အများကြီးရှိပါလိမ့်မယ်။ ဒီအထဲမှ အရေးကြီးဆုံးအရာဖြစ်တဲ့ "လူအပေါင်းကယ်တင်ခြင်းရဖို့နဲ့ သမ္မာတရားသိဖို့ဆိုတဲ့" ဘုရားအလိုတော်ရှိတဲ့အလုပ်ကို ရွေးပြီးလုပ်ကြရအောင်၊ လူတွေကယ်တင်ခြင်းရဖို့ သခင်ယေရှုကို ယုံကြည်လက်ခံဖို့လိုတယ်။ ယုံကြည်ဖို့အတွက် ကြားဖို့လိုတယ်၊ ကြားဖို့အတွက် ပြောဖို့လိုတယ်၊ ပြောဖို့အတွက် သွားဖို့လိုတယ်၊ သခင်ယေရှုက လောကီနိုင်ငံအရပ်ရပ်သို့သွား၍ လူတွေကို ဧဝံဂေလိတရားကို ဟောကြားဖို့၊ ဧဝံဂေလိတရားကို ကြားပြီး ခရစ်တော်ကို ယုံကြည်၍ ဗတ္တိဇံခံသူဟာ ကယ်တင်ခြင်းရောက်မယ်၊ မယုံကြည်သူအပြစ်စီရင်ခြင်းခံရမယ်လို့" သခင်ယေရှုကစေခိုင်း ထားပါတယ်။ ဒါကြောင့် ဧဝံဂေလိတရားလူတွေကြားဖို့ အတွက် ကျွန်တော်တို့ရဲ့ ခွန်အား၊ အစွမ်း၊ ပညာ၊ ဘဏ္ဍာ၊ အချိန်၊ နေရာအားလုံးကို အသုံးချပြီး ဝိညာဉ်တော်ရဲ့ လမ်းပြမှု အတိုင်း နာခံလုပ်ဆောင်ဖို့လိုပါတယ်။ ဒါဆိုရင် ၂၀၂၃ ခရီးစဉ်မှာ ဦးဆောင်သူက ဘုရားသခင်၊ သူ့ရဲ့စကားအတိုင်း ကျွန်တော်တို့က အသက်ရှင်၊ သူ့ကိုခေါ်ကာသူ့အလိုအတိုင်း အသက်ရှင်ကြမယ်ဆိုရင် ဒီခရီးဟာ ယခုဘဝနောင်ဘဝအတွက် အလွန်ဝမ်းမြောက်ဝမ်းသာစရာခရီးပဲဖြစ်လာတော့မှာပေါ့။ ကျွန်တော်တို့အတူတူလက်တွဲလုပ်ဆောင်ကြမယ်နော်လိုက်မယ်မဟုတ်လား။

(ထွက် ၃၃:၁၃-၁၆၊ ယောရှု ၁:၅-၈-၉၊ ဓ ၈:၂၁-၂၃၊ ဓ ၈:၃၁၊ မာကု ၁၆:၁၅-၁၆၊ သု ၁:၃၃၊ ယော ၁၅:၇)

မေတ္တာဖြင့်
ခင်မောင်မြင့်
(၁-၁-၂၀၂၃)

---

# ထံတော်သို့ ဆုတောင်းပဌနာ [၄]

ထံတော်သို့ ဆုတောင်းပဌနာ(၃) အဆက် ....

၅။ စောင့်ကြည့်ခြင်း = သတိပြုဆောင်ရွက်ခြင်း

ခရစ်တော်နှင့် တမန်တော်များ သွန်သင်မှုကို ဆန်းစစ်လျှင် "သမ္မာသတိရှိလျက် ဆုတောင်းခြင်း" ဟူသောအရာသည် အရေးပါကြောင်းထင်ရှားစွာမြင်တွေ့နိုင်သည်။ ထို့ကြောင့် ပဌနာပြုချိန်တွင် ဘုရားစကားတော်အတိုင်း ဖြစ်တည်နေသော အခြေအနေအရပ်ရပ်ကို သတိပြုလျက်တောင်းလျှောက် ပဌနာပြုရန်လိုအပ်လှပေသည်။ သတိပြုခြင်းနှင့်စပ်လျဉ်း၍ နှုတ်ကပတ်တော်ဖော်ပြချက်များကို အောက်ပါအတိုင်းမြင်တွေ့နိုင်ပါသည်။

သက်သေခံသော နှုတ်ထွက်ကျမ်းစကားများ

က။ "စုံစမ်းနှောက်ယှက်ခြင်းနှင့် ကင်းလွတ်မည်အကြောင်း ဆုတောင်းလျှက်စောင့်နေကြလော့၊ စိတ်ဝိညာဉ်ကား စေတနာရှိပြားသော်လည်း ကိုယ်မူကား အားနည်းသည်" (မ၊ ၂၆:၄၁)။

ခ။ "ထိုအချိန်ကာလသည် အဘယ်အခါ၌ရောက်မည်ကို သင်တို့မသိသောကြောင့် သတိပြု၍ ဆုတောင်းလျက်စောင့်နေကြလော့" (မာ၊ ၁၃:၃၃)။

ဂ။ "ဆုတောင်းပဌနာပြုခြင်းအမှုကို အမြဲပြု၍ ကျေးဇူးတော်ကို ချီးမွမ်းလျက်စောင့်ရှောက်ကြလော့" (ကော၊ ၄:၂)။

စစ်မှန်သော ကိုယ်စားပြုပဌနာသည် ဝိညာဉ်ရေးတွင် သတိရှိခြင်း (သို့) ဂရုပြုလျက် ကယ်တင်ခြင်းသတင်း တရားကြားသိရန် လိုအပ်သူများအတွက် အထူးဝန်တာစိတ်ကို ဖြစ်စေပါသည်။ ၎င်းမှာ "သတိပြုခြင်း" မည်ပေသည်။ သတိပြုခြင်းဆိုသည်မှာ "အနီးဝန်းကျင်ရှိသူများကို မှန်ကန်စွာဖြင့် ရှုမြင်သုံးသပ်ခြင်း" ဖြစ်သည်။ "ဂရုပြုခြင်း" မှာ "စောင့်ရှောက်မှုပြုရန် အထူးသတိပြုနေခြင်း" ဟု ဆိုရမည်ဖြစ်ပြီး "အနီးကပ်စောင့်ကြည့်ခြင်း" (သို့) "သမ္မာသတိပြုခြင်း" ဟု ဆိုရပေမည်။ စင်ကြယ်သော ဆုပဌနာပြုရန်အတွက် "သမ္မာသတိဖြင့် ပဌနာပြုခြင်း" တွင် အနည်းဆုံး လမ်းစဉ်သုံးရပ်ရှိသည်။

က။ ကမ္ဘာ့သတင်းများကိုဖတ်ရှုပြီး မည်သို့ဆုတောင်းရမည်သိနိုင်၏။

ခ။ လောကဖြစ်စဉ်များကို ကြည့်မြင်သုံးသပ်ပြီး လိုအပ်မှုကို ခံစားတောင်းခံနိုင်၏။

ဂ။ ဝိညာဉ်တော်လမ်းပြမှုကို တောင်းခံလျက် တိကျစွာဆုတောင်းနိုင်၏။

"သမ္မာသတိပြုလျက်" ဆုတောင်းပဌနာပြုခြင်းထက် အခြားလေးနက်စေသော အကြောင်းအရာရှိနိုင်တော့မည်မဟုတ်ပေ။ ဝိညာဉ်တော်ဘုရား၏ လမ်းပြမှုကိုခံယူပြီး ပဌနာပြုခြင်းကသာလျှင် ကြီးမြတ်သော ဝိညာဉ်ရေးရာသိကြွမ်းခြင်းဟုဆိုရပေမည်။ "စိတ်နှလုံးပါလျက်ဆုတောင်းပဌနာပြုခြင်း" (ဖေက်၊ ၆:၁၈) ဟု ရှင်ပေါလုကဆိုခဲ့သည်။ ထို့ကြောင့် ပဌနာပြုသောအခါ ဝိညာဉ်တော်ဘုရား၏ လမ်းပြမှုကို ခံယူလျက်တောင်းလျှောက်ရန် လွန်စွာအရေးကြီးလှသည်။ "ငါတို့သည်

ဆုတောင်းသင့်သည့်အတိုင်း အဘယ်ဆုကိုတောင်းရမည်ဟု မသိကြ။ သို့ရာတွင် ငါတို့ဆုတောင်းခြင်းအမှုကို နှုတ်ဖြင့်မမြွက်နိုင်သော ညည်းတွားခြင်းအားဖြင့် ဝိညာဉ်တော်သည် စောင့်မတော်မူ၏" (ရောမ၊ ၈:၂၆) ဟု ကျမ်းစာကဖော်ပြထားသည့်အတိုင်း ဝိညာဉ်တော်ဘုရား၏ လမ်းပြမှုကို ခံယူကြရန်လိုပေသည်။

၆။ ကိုယ်စားတောင်းလျှောက်ခြင်း = စိတ်နှလုံးပါလျက် အသနားခံယူခြင်း

စောင့်မဂရုပြုခြင်းဖြင့် ကိုယ်စားပြုတောင်းလျှောက်ခြင်းကို ဖြစ်လာစေသည်။ ပျောက်ဆုံးဝိညာဉ်များလိုအပ်နေသူများအတွက် စိတ်နှလုံးပါလျက် ကိုယ်စားပြုခြင်းမရှိလျှင် ဆုတောင်းပဌနာသည် ပြည့်စုံအထမြောက်ခြင်းမမည်ပေ။ ယေဘူယျအားဖြင့် ကိုယ်စားပြုဆုတောင်းခြင်းသည် တစ်ဦးတစ်ယောက်၏ဖြစ်တည်မှုကို အခြေတည်ခြင်းမဟုတ်မူဘဲ ထိုသူ၏လိုအပ်နေမှုကို အခြေပြုလျက်တောင်းလျှောက်ကိုယ်စားပြုခြင်းဖြစ်သည်။ ကိုယ်စားပြုခြင်းသည် "အခြားသူကို ဗဟိုပြုသောဆုတောင်းပဌနာ" ဖြစ်သည်။ ထိုသို့သော ကိုယ်စားပြုဆုတောင်းရန် လိုအပ်မှုကို အောက်ပါအတိုင်း အချက်(၅)ရပ်ဖြင့် ပြဆိုနိုင်ပေသည်။

က။ မိသားစု

ခ။ အသင်းတော်

ဂ။ နိုင်ငံ

ဃ။ လူမျိုး

င။ ကမ္ဘာလုံး၏လိုအပ်မှု တို့ဖြစ်သည်။

သက်သေခံသော နှုတ်ထွက်ကျမ်းစကားများ

က။ "ငါတို့သည် ဘုရားဝတ်၌ မွေ့လျော်ခြင်း လျောက်ပတ်စွာကျင့်ခြင်းအမျိုးမျိုးကို ပြု၍ ငြိမ်ဝပ်စွာနေရမည်အကြောင်း ရှင်ဘုရင်မှစ၍ မင်းအာဏာရှိသောသူအပေါင်းတို့နှင့် လူအမျိုးမျိုးတို့အဘို့ ဆုတောင်းပဌနာပြုခြင်း မေတ္တာပို့ခြင်း၊ ကျေးဇူးတော်ကို ချီးမွမ်းခြင်းကို ရှေးဦးစွာပြုစေခြင်းငှာ ငါတိုက်တွန်းသွေးဆောင်၏" (၁တိ၊ ၂:၁-၂)

ခ။ "ယောဘသည် အဆွေခင်ပွန်းတို့အဘို့ ဆုတောင်းပြီးမှ သုံးရသော ဒုက္ခအကြောင်းကို ထာဝရဘုရားသည် ပယ်ရှင်း၍ အရင်ထက်နှစ်ဆသော ဥစ္စာကို ပေးတော်မူ၏" (ယောဘ၊ ၄၂:၁၀)။

ဂ။ "ညီအစ်ကိုတို့ ဣသရေလလူတို့သည် ကယ်တင်တော်မူခြင်းသို့ ရောက်စေခြင်းငှါ ငါ၏စေတနာအလိုရှိ ဘုရားသခင်ကို ဆုတောင်းလေ့ရှိ၏" (ရော၊ ၁၀:၁)။

ယောဘနောက်ဆုံးနေ့ရက်များတွင် သူငယ်ချင်းများအတွက် ကိုယ်စားပြုဆုတောင်းပေးပြီးနောက် "နှစ်ဆသောကောင်းကြီး" များစွာ ခံစားခဲ့ရသည်ကိုတွေ့ရသည်။ ရောမရှိယုံကြည်သူများကို ရှင်ပေါလုပြောခဲ့သည်မှာ သူ့လူမျိုးတော်များအတွက် စိတ်နှလုံးပြင်းပြစွာဖြင့် ကယ်တင်ခြင်းသို့ ရောက်စေလိုကြောင်းနှင့် သူတို့အတွက် ဆုတောင်းပေးကြောင်းဆို ခဲ့သည်။ (ယခုနေရာ၌ ကိုယ်စားပြုဆုတောင်းခြင်းဖြစ်သည်။

ဆက်လက်ဖော်ပြသွားပါမည် ➢➢

## ဧဝံဂေလိဟောပြောရာ၌ရှိရမည့်စိတ်နေသဘောထား လိုအပ်ချက်

(၁) မိမိကိုယ်တိုင် ဒုတိယမွေးခြင်းခံရပြီးသူဖြစ်ရမည်(ယော ၃:၃-၅)

(၂) ဝိညာဉ်ပိုင်းထက်သန်သူဖြစ်ရမည် (တ၊၁၈:၂၅)။ သူတစ် ပါး ဝိညာဉ်အတွက် စိတ်ပူပန်သူဖြစ်ရမည်။

(၃) အတွင်းမှ နှိုးဆော်ခြင်းခံရသူဖြစ်ရမည် (တမန်၊ ၁၇:၁၆)

(၄) ရှက်ကြောက်ခြင်းမရှိသူ (ရောမ၊ ၁:၁၆)

(၅) မိမိကိုယ်ကို ပေးဆပ်ချင်သူဖြစ်ရန် (၁ကော၊ ၉:၁၉-၂၃)

(၆) မိမိဥစ္စာကိုပေးနိုင်သူဖြစ်ရမည် (၂ကော၊ ၁၂:၁၅)။ မိမိ ဟောပြောခဲ့ပြီးပြောင်းလဲလာသူများကို ကြည့်ရှုကျွေးမွေး နိုင်ရမည်။ ခိုင်ခံ့သည့်အထိ တပည့်တော်စစ်ဖြစ်အောင် တည်ဆောက်ပေးရမည် (မ၊ ၂၈:၁၉-၂၀)။

(၇) ဆင်းရဲဒုက္ခခံနိုင်သူဖြစ်ရမည် (၂တိ၊ ၁:၈)။

(၈) အရာရာကို စွန့်လွှတ်လိုခြင်း (မာ၊ ၁၀:၂၉)။

(၉) ဝိညာဉ်တော်အရှိန်မငြိမ်းစေသူ (၁သက်၊ ၅:၁၉)၊(တ၊၄:၃၁) တောက်လောင်သူဖြစ်ရမည်။

(၁၀) မိမိကိုခန့်ထားသူ ဘုရား၏နှစ်သက်သောအသက်တာဖြစ်ရန် လောကီရေးနှင့်ပြွမ်းနှောရှုပ်ထွေးခြင်းကို ရှောင်သူ ဖြစ်ရမည် (၂တိ၊ ၂:၃-၄)။

(၁၁) ငြူစူရန်တွေ့ချင်သောစိတ်မရှိရ (ဖိ၊ ၁:၁၅)။ သူတစ်ပါးကို ထိုးနှက်တိုက်ခိုက်ခြင်းကိုရှောင်ရှားရမည်။

(၁၂) သန့်ရှင်းသောဝိညာဉ်တော်အသံကို နာခံခြင်း (တ၊ ၁၆:၅-၁၂)။ အဲသယောပိမြင်းရထားနောက်လိုက်ပြီးဟောပြောရန် ဝိညာဉ်တော်က ဖိလိပ္ပုအား စကားပြောရာတွင် နာခံပြီး လက်တွေ့လုပ်ဆောင်ရာအဲသယောပိဗတ္တိဇံပင် ခံယူခဲ့သည် (တ၊ ၈:၂၉-၃၉)။

မေတ္တာဖြင့်
ရွှေလင်းယုန် (ရှမ်း/တောင်)

**အိမ်တိုင်ရာရောက်ခရစ်တော်၏သာသနာပြုအဖွဲ့**

www.everyhomemyanmar.org

Condo(D-7), FMI-City, လှိုင်သာယာမြို့နယ်

ရန်ကုန်တိုင်းဒေသကြီး။